DeKalb County School District

Dr. Devon Q. Horton ၊ ကြီးကြပ်သူဌာနမှူး

Mr. Diijon DaCosta, Sr., ဘုတ်အဖွဲ့ဥက္ကဋ္ဌ
Mrs. Deirdre P. Pierce, ဒု ဥက္ကဋ္ဌ
Mrs. Anna Hill
Mrs. Whitney McGinniss
Ms. Allyson Gevertz
Mrs. Vickie B. Turner
Dr. Joyce Morley

**လက်တလော သတင်းထုတ်ပြန်ချက်**

ဇန်နဝါရီလ 9 ရက်၊ 2024

**ဆက်သွယ်ရန်-**
Donald Porter, *Ed.D.* 678-481-4110
Carla Parker 404-734-1717

# *CSI ကတိပြုချက် နှင့် TSI တိုးတက်မှုစာရင်းများ မှ ထွက်သွားသည့် DCSD ကျောင်း 16 ကျောင်း -* Horizon ကျောင်းများ၏ 96% သည် အကြောင်းအရာ သိရှိနားလည်မှုတွင် ပညာရေး တိုးတက်မှုများအား သရုပ်ပြသခြင်း

(STONE MOUNTAIN, GA) – 2022 တွင်၊ DeKalb ကောင်တီကျောင်း နှစ်ဆယ့်ငါး (25) ကျောင်းအား ဘက်စုံထောက်ပံ့မှု နှင့်တိုးတက်မှု (*CSI*) အနိမ့်ဆုံး 5%၊ CSI ကတိပြုချက် သို့မဟုတ် ပစ်မှတ်ထားသော ထောက်ပံ့မှု နှင့် တိုးတက်မှု(*TSI*) အဖြစ် သတ်မှတ်ခဲ့သည်။ ယနေ့တွင်၊ 2023 ကောလိပ်နှင့် အသက်မွေးဝမ်းကျောင်း အဆင်သင့် စွမ်းဆောင်ရည် ရည်ညွှန်းချက်(*CCRPI*) ရလဒ်များ အပေါ်အခြေခံ ၍ ဖယ်ဒရယ်အစိုးရက သတ်မှတ်ထားသော ကျောင်းစာရင်း များမှ ကျောင်း တစ်ဆယ့်ခြောက် (16) ကျောင်းအား ထုတ်ပြန်ခဲ့သည်။

"2023 မှာ၊ ကျွန်တော်တို့ Horizon ကျောင်းများရဲ့ ကိုးဆယ့်ခြောက် ရာခိုင်နှုန်း က ၎င်းတို့၏ အလုံးစုံအကြောင်းအရာ သိရှိနားလည်မှု ရမှတ်ကို တိုးစေခဲ့တယ်" ဟု ကြီးကြပ်သူဌာနမှူး Dr. Devon Q. Horton ကဆိုခဲ့သည်။ "ကျောင်းသားများ၏ အရည်အချင်း တိုးတက်လာစေရန် ၎င်းတို့ရဲ့ စူးစိုက်နှစ်မြှုပ်ထားမှု နှင့် ကတိကဝတ် အတွက် ကျွန်တော်တို့၏ ကျောင်းအုပ်ကြီးများနှင့် ကျောင်းရပ်ရွာအဖွဲ့အစည်းများကို ချီးကျူးဂုဏ်ပြုပါတယ်။ ဖယ်ဒရယ် အစိုးရက သတ်မှတ်ထားသော စာရင်းများမှ ထွက်သွားတဲ့ကျောင်းများအတွက် ၎င်းတို့၏ စွမ်းဆောင်ရည်တိုးတက်မှု များ ဆက်လက်တည်ရှိနေစေရန် နှင့် ၎င်းတို့သည်တိုးတက်မှု စာရင်းများ တွင် ကျန်ရှိနေကြောင်း သေချာစေရန် ကျွန်တော်တို့က ကျော်လွန်တဲ့ ထောက်ပံ့မှုကို ထပ်လောင်း၍ဆက်လက်ပေးဆောင်ပါမည်။ "

အောက်ဖော်ပြပါ ကျောင်း သုံး (3) ကျောင်းသည် ဘက်စုံထောက်ပံ့မှု နှင့် တိုးတက်မှု (*CSI*) အနိမ့်ဆုံး 5% စာရင်းမှ ထုတ်ပယ်ခဲ့သည်-

Fairington မူလတန်းကျောင်း
Panola Way မူလတန်းကျောင်း
Ronald McNair Discovery Learning Academy

အောက်ဖော်ပြပါ ကျောင်း လေး (4) ကျောင်းအား ပစ်မှတ်ထားသော ထောက်ပံ့မှုနှင့် တိုးတက်မှု(*TSI*) စာရင်းမှ ဖယ်ရှားခဲ့သည်-

Pine Ridge မူလတန်းကျောင်း
Shadow Rock မူလတန်းကျောင်း
Salem အလယ်တန်းကျောင်း
Woodridge မူလတန်းကျောင်း

ထို့အပြင်၊ ယခင် ကတိပြုချက် အတိုင်း သတ်မှတ်ထားသည့် ကျောင်း ကိုး (9) ကျောင်းအား *ထုတ်ပယ်ခဲ့သည်-*

Dresden မူလတန်းကျောင်း
McNair အလယ်တန်းကျောင်း
Peachcrest မူလတန်းကျောင်း
Flat Rock မူလတန်းကျောင်း
Montclair မူလတန်းကျောင်း
Stone Mill မူလတန်းကျောင်း
Mary McLeod Bethune Middle
Oak View မူလတန်းကျောင်း
Towers အထက်တန်းကျောင်း

ရရှိနိုင်သော 2023 CCRPI အစိတ်အပိုင်း ရမှတ်အားလုံး ကိုထည့်သွင်းရန် ဌာ 2023-2024 CSI၊ ATSI နှင့် TSI ဖယ်ဒရယ် အစိုးရမှသတ်မှတ်ထားသော ကျောင်း စာရင်းများအတွက် စံသတ်မှတ်ချက် အား အဆင့်မြှင့်တင်ထားပါသည်။ ဤရမှတ်များတွင် အကြောင်းအရာ သိရှိနားလည်မှု၊တိုးတက်မှု၊ ကွာဟချက်များ ဖြည့်ဆည်းမှု ၊မူလတန်းနှင့် အလယ်တန်းကျောင်း အဆင့်များတွင် အဆင်သင့် ဖြစ်မှု တို့ ပါဝင်သည်။ အထက်တန်းကျောင်း အဆင့်၌ ရှိသော CCRPI အစိတ်အပိုင်း များ တွင် အကြောင်းအရာ သိရှိနားလည်မှု၊ တိုးတက်မှု၊ ကွာဟချက် ဖြည့်ဆည်းမှု၊ အဆင်သင့်ဖြစ်မှု နှင့် ဘွဲ့ရရှိမှုနှုန်းများ ပါဝင်ပါသည်။ CSI ဘွဲ့ရရှိမှုနှုန်းကျောင်းများတွင် လေးနှစ် ဘွဲ့ရရှိမှုနှုန်း သည် 67% အောက် သို့မဟုတ် ညီမျှပါသည်။

-နောက်တစ်မျက်နှာ-

Georgia ပညာရေးဌာန (The Georgia Department of Education) တွင် 2023 CCRPI ပြောင်းလဲမှုများနှင့် ဖယ်ဒရယ် အစိုးရ မှ သတ်မှတ်ထားသော ကျောင်းများအား ခွဲခြားသတ်မှတ်ရန်ဂုာ အသုံးပြုခဲ့သော အဆင့်လိုက် နည်းလမ်း များ နှင့်သက်ဆိုင်သော အသေးစိတ်အချက်အလက်များ ဤနေရာတွင် ရှိပါသည်။

ဖယ်ဒရယ်အစိုးရမှသတ်မှတ်ထားသော စုစုပေါင်းကျောင်း အရေအတွက်များသည် 2022 တွင် နှစ်ဆယ့်ငါး (25) ကျောင်း မှ 2023 တွင် တစ်ဆယ့်ခြောက် (16) ကျောင်းအထိ ကျဆင်းခဲ့သည်။ ကျန်ရှိနေသော သို့မဟုတ် စာရင်းအသစ်များထဲမှ ကျောင်း တစ်ဆယ့်ခြောက် (16) ကျောင်းမှာ အောက်ပါအတိုင်းဖြစ်သည် -

**CSI အနိမ့်ဆုံး စွမ်းဆောင်ရည် နှင့် CSI ဘွဲ့ရရှိမှုနှုန်း-**

DeKalb ပုံမှန်သင်ရိုး မသင်ကြားသော ကျောင်း

Elizabeth Andrews အထက်တန်းကျောင်း

**CSI အဆင့် IV ထောက်ပံ့မှု-**

Flat Shoals မူလတန်းကျောင်း

Stone Mountain မူလတန်းကျောင်း

**CSI ဘွဲ့ရရှိမှုနှုန်း-**

Clarkston အထက်တန်းကျောင်း - အသစ်
Cross Keys အထက်တန်းကျောင်း

East DeKalb အထူးပညာရေး စင်တာ - အသစ်
McNair အထက်တန်းကျောင်း

ထို့အပြင်၊ DeKalb ကောင်တီတွင် မသန်စွမ်းကျောင်းသားများ(*SWD) အတွက် ထပ်လောင်း ပစ်မှတ်ထားသော ထောက်ပံ့မှုနှင့် တိုးတက်မှု(ATSI) စာရင်းတွင် ပထမဆုံး အကြိမ် စာရင်းသွင်းထားသည့် ကျောင်း ရှစ် (8)ကျောင်း ရှိသည်-*

Browns Mill မူလတန်းကျောင်း
Hightower မူလတန်းကျောင်း
Lithonia အထက်တန်းကျောင်း
Martin Luther King, Jr. အထက်တန်းကျောင်း

Murphey Candler မူလတန်းကျောင်း
Rock Chapel မူလတန်းကျောင်း
Snapfinger မူလတန်းကျောင်း
Stoneview မူလတန်းကျောင်း

"ဒီစာသင်နှစ်တွင် ထည့်သွင်းခဲ့သော ဖြည့်စွက်ထောက်ပံ့မှု က နောက်ထပ် နှစ်နှစ်အတွက် CSI စာရင်းမှာ ကျန်ရှိခဲ့တဲ့ ကျွန်တော်တို့ကျောင်းများအတွက် ဆက်လက်ရှိနေမှာပါ။ အသစ်သတ်မှတ်ထားသော CSI နှင့် ATSI ကျောင်းများက ကျွန်တော်တို့ ၏ Horizon ဘက်စုံ ထောက်ပံ့မှုဆိုင်ရာ ဖွဲ့စည်းတည်ဆောက်မှုသို့ ချက်ချင်း ကူးပြောင်းသွားမည် ဖြစ်ပြီး ဒီကျောင်းများဟာ ကျောင်းသားအောင်မြင်မှု ဆက်လက်တိုးတက်စေဖို့ လိုအပ်လျက်ရှိသော အရာအားလုံးကို ဒီစာသင်နှစ်တွင် ရရှိစေမှာပါ" ဟု Dr. Horton ကဆိုခဲ့ပါသည်။

" တဖြည်းဖြည်းနဲ့ ကျွန်တော်တို့၏ ရည်မှန်းချက်မှာ ဖယ်ဒရယ်အစိုးရ တိုးတက်မှုစာရင်းများတွင် မည်သည့်ကျောင်းများမှ မရှိစေရန် ဖြစ်တယ်။"

XXX

Robert R. Freeman စီမံအုပ်ချုပ်မှု ကွန်းပလက်စ်
1701 Mountain Industrial Blvd. | Stone Mountain၊ GA 30083
678.676.1200 | www.dekalbschoolsga.org